အရိယဝံသ၏ နိဗ္ဗာန် နှိုင်းယှဉ်မှု

မေးသူ- ဂျူဂျူ (ရန်ကုန်၊ ၂၀၁၀၂ ဖေဖော်ဝါရီလ ၁၇ ရက်)

၃။ ဗုဒ္ဓရဲ့ နိဗ္ဗာန်ဟာ ခရစ်ယာန် အစ္စလာမ် ဟိန္ဒူတို့ရဲ့ နိဗ္ဗာန်နဲ့ လုံးဝ မတူကြောင်းကို ပြောကြားထားပါတယ် ဗုဒ္ဓနိဗ္ဗာန်ဟာ ပဋိသန္ဓေတည်ခြင်း အိုခြင်း နာခြင်းသေခြင်းကင်းတယ် အမြဲတည်နေတယ် ဘယ်သူမှ ဖန်ဆင်းထားတာလဲ မဟုတ်ဘူး ဖန်ဆင်းလို့ ဖြစ်ပေါ်တဲ့ တရားဟာ နောက်ဆုံးပျက်သုံးရသလို အဂ္ဂိရှာဖုံးလို့ နိစ္စရူပ တည်တံ့ ခိုင်မြဲတယ်လို့ ထင်နေတဲ့ မုတ္တိတရားဟာလည်း ပျက်စီးရတာပဲ (ဗုဒ္ဓဝါဒပြဿနာများ ဘိက္ခု အရိယဝံသ BA ကဖြေကြားထားသော စာအုပ် စာမျက်နှာ ၁၈၈ မှ ၁၉၅)။

သူ့စာအုပ်ကို အန်ကယ် လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က ဖတ်ဘူးပါတယ်။ ဖတ်စဉ်ကတော့ သူပြောတာတွေ ဟုတ်သလိုလို ခံစားမိပါတယ်။ နောက်ပိုင်း အန်ကယ်ကိုယ်တိုင် ဘာသာတရားများကို ထဲထဲဝင်ဝင်လေ့လာတော့ သူပြောနေတာတွေက ဖြီးဖြန်းခဲ့တာတွေလို့ ခံစားရပါတယ်- (စိတ်မရှိနဲ့နော်)။ သူ့အပြောကို သုံးသပ်ရင် သူဟာ ဘယ်ဘာသာကိုမှ မူရင်းကျမ်းတွေကို သေချာစေ့ငုအောင် မလေ့လာခဲ့ဘူး။ သက်ဆိုင်ရာ ဘာသာများက လူပညာ တတ်တွေ ကိုယ့်အမြင်နဲ့ကိုယ် တင်ပြတဲ့ ဒဿနများ ဆောင်းပါးများကို debate (စကားစစ်ထိုးဘို့) ဖတ်ခဲ့တာများပါတယ်။ သူကိုယ်တိုင်က ပိဋကတ်က ပြောတဲ့ နိဗ္ဗာန်ကို သေချာအောင် ပေါက်မြောက်သိမြင်ခဲ့ဟန်မရှိသလို- သမ္မာကျမ်းစာနဲ့ ကုရ်အံကျမ်းက ပြောတဲ့ နိဗ္ဗာန် (ကောင်းကင်နိုင်ငံတော်၊ ဂျန္နတ်)များကို သေချာအောင် မသိခဲ့ဘူး ဆိုတာ အန်ကယ်ပြောရဲပါတယ်။ အဓိက ပြဿနာက သူဟာ သမ္မာကျမ်းရဲ့ မူရင်းဘာသာ ဟီးဗရူး (ဟေလာသ)ကိုလည်း မတတ်ခဲ့ဘူး။ ကုရ်အံကျမ်းရဲ့ မူရင်းဘာသာ အာရ်ဗီစာကိုလည်း မတတ်ခဲ့ဘူး ဆိုတာပါ။ ဘာသာပြန်များကိုသာ ဖတ်ချင်ဖတ်ဘူးခဲ့ပါမယ်။ ဒါတောင် သေချာစေ့ငုအောင် မဖတ်ခဲ့ဘူးလို့ သူ့အရေးအသား အပြောအဆိုများက သက်သေဖြစ်ပါတယ်။ ကွယ်လွန်သွားပြီ ဖြစ်တဲ့ သူ့ရဲ့ အကြောင်းကိုတော့ မပြောလိုတော့ပါ။ မသေချာတဲ့ ဗဟုသုတများနဲ့ ရေးခဲ့တဲ့ သူ့စာအုပ်ကြောင့် နောက်လူတွေ မျက်နှာ ငယ်ရမှာကို စိုးရိမ်မိပါတယ်။ ဆိုလိုတာက ကိုယ်က တိကျသေချာစွာ မသိဘဲ ဖြီးဖြန်းပြီး ကြားဘူးနားဝ သိနေသူ တစ်ဦးက အဲ့ဒီလောက် ဗဟုသုတနဲ့ တစ်ကယ့်ပညာရှင်လောကမှာ ဘယ်လိုလုပ် လူတောတိုးမလဲ သမီး။ ရိုးရိုးလေးပဲ စဉ်းစားပါ။ ဥပမာ သမီးက နယူးယောက်မြို့ကို တစ်ကယ်မရောက်ဘူးဘူး။ ရုပ်ရှင်ထဲမှာ မြင်ဘူးတယ်။ ဓါတ်ပုံထဲမှာ ကြည့်ဘူးတယ်။ နယူးယောက်မြို့အကြောင်း ရေးထားတဲ့ ဆောင်းပါးများကို ဖတ်ဘူးတယ်- ဆိုပါတော့။ ဟိုးတောရွာကို သွားပြီး- နယူးယောက်မြို့ကို ရောက်ဖူးတယ် သွားပြောရင် ပြဿနာ သိပ်မရှိနိုင်ဘူး။ မသိသူများက အထင်ကြီးမယ်။ သမီး ဖတ်ထားတာကိုသမီးက တစ်ကယ်ခံစားပြောတဲ့ နယူးယောက်ဆိုတဲ့ ဗဟုသုတကို အဲ့ဒီ မသိသူများက တစ်ဆင့်မှတ်ထားမယ်ပေါ့။- အဲ့ဒီ တစ်ဆင့်မှတ်ထားသူက နောက်တစ်နေရာမှာ သမီးဂျူဂျူက ပြောတယ်- နယူးယောက်ဆိုတာ ဒီလိုမျိုးပေါ့-။ တစ်ကယ် နယူးယောက်ကို ရောက်ဘူး၊ နေဘူးတဲ့ လူက အဲ့ဒီ လူကိုရော-၊ နယူးယောက်အကြောင်းကို အဟုတ်ကြီးပြောခဲ့တဲ့ ဂျူးဂျူးကိုရော ဘယ်လို ခံစားမလဲ။ ဆင်ခြင်ကြည့်ပါ။

ဒီတော့ အရိယမဂ္ဂရေးခဲ့ ပြောခဲ့ နိဗ္ဗာန်ဆိုင်ရာ အယူအဆဟာ တစ်ကယ်တမ်း ပိဋကတ်၊ သမ္မာကျမ်း၊ ကုရ်အံကျမ်းနဲ့ ကိုက်ညီ သလား မကိုက်ညီသလား သမီးကိုယ်တိုင် ပိဋကတ်၊ သမ္မာကျမ်း နဲ့ ကုရ်အံကျမ်းများကို လေ့လာလိုက်ပါ။ လိုအပ်ရင် အန့်ကယ်ကို မေးနိုင်ပါတယ်။ အချိန်ရသလောက် ရှင်းပြပေးပါမယ်။

လေးစားလျှက်

ဦးဌေးလွင်ဦး